**Channel News Asia (CNA) သတင်းဌာနက Insight 2026/ 2027 – “Malaysia’s Rohingya Riddle” အမည်ဖြင့် သတင်းမှတ်တမ်း (Documentary) ထုတ်လွှင့်ခဲ့မှုအပေါ် မြန်မာသံရုံး၊ စင်ကာပူ၏ ထုတ်ပြန်ချက်**

စင်ကာပူနိုင်ငံအခြေစိုက် Channel News Asia (CNA) သတင်းဌာနက ၁၅-၁၀-၂၀၂၆ ရက်နှင့် ၁၆-၁၀-၂၀၂၆ ရက်တို့တွင် Insight 2026/ 2027 – Malaysia’s Rohingya Riddle အမည်ဖြင့် သတင်းမှတ်တမ်း (Documentary) ထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါသတင်းမှတ်တမ်းအား CNA သတင်းဌာန၊ အကြီးတန်းထုတ်လုပ်သူ Mr. Nicholas Deroose နှင့် အမှုဆောင်ထုတ်လုပ်သူ Mr. Daniel Heng တို့က ရိုက်ကူးထုတ်လွှင့်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါသတင်းမှတ်တမ်းတွင် မလေးရှားနိုင်ငံရှိ ဘင်္ဂါလီများနှင့်စပ်လျဉ်း၍ ဖော်ပြထားသည့်သတင်းအချက်အလက်များ၊ မြန်မာနိုင်ငံနှင့်ဆက်စပ်သည့် အချက်အလက်အချို့သည် သမိုင်းဆိုင်ရာ အထောက်အထား ခိုင်လုံမှု မရှိသကဲ့သို့ ကြည့်ရှုသူများအား နားလည်မှု လွဲမှားစေသော လုပ်ကြံစွပ်စွဲချက်များ ပါဝင်ကာ မြန်မာ့ပုံရိပ်ကိုလည်း မှေးမှိန်စေနိုင်ကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် မည်သည့်အခါမျှ မရှိသည့် “ရိုဟင်ဂျာ” ဟူသော အမည်အား တိုင်းရင်းသားအဖြစ် မှားယွင်းစွာ ဖော်ပြနေမှုများအပေါ် ပြတ်သားစွာ ပယ်ချပါသည်။ ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးကာလအတွင်းက ကောက်ယူခဲ့သော သန်းခေါင်စာရင်းများ အပါအဝင် တရားဝင်သမိုင်းမှတ်တမ်းများက မြန်မာနိုင်ငံ၌ “ဘင်္ဂါလီ” အသုံးအနှုန်း သာရှိကြောင်း အတည်ပြုထားပါသည်။ သို့ဖြစ်၍ “ရိုဟင်ဂျာ” ဟူသော အသုံးအနှုန်း သုံးစွဲခြင်းသည် လက်ခံနိုင်ဖွယ် မရှိပါ။

REPORT

# THE CENSUS OF BRITISH BURMA.

Taken on the 17th February 1881.

Accompanied by Map.

RANGOON:
PRINTED AT THE GOVERNMENT PRESS.
1881.

| Name of chief races. | | | 1872. | 1881. | Increase or decrease per 1,000. | Number of each race to 1,000 of all races. |
|---|---|---|---|---|---|---|
| Burmese | ... | ... | 1,930,319 | 2,612,274 | 358 | 699 |
| Talaing | ... | ... | 181,602 | 154,553 | —149 | 41 |
| Karen | ... | ... | 331,706 | 581,294 | 562 | 159 |
| Chin | ... | ... | 51,117 | 55,015 | 76 | 15 |
| Toungthoo | ... | ... | 24,923 | 35,554 | 426 | 9 |
| Kwaymee | ... | ... | 18,969 | 13,773 | —279 | 4 |
| Mro | ... | ... | 7,875 | 11,020 | 399 | 3 |
| Shan | ... | ... | 36,029 | 59,723 | 658 | 16 |
| Chinese | ... | ... | 12,109 | 12,962 | 70 | 3 |
| Bengali* | ... | ... | ...... | 99,686 | ...... | 27 |
| Hindustani | ... | ... | ...... | 72,990 | ...... | 20 |
| Tamil | ... | ... | ...... | 35,058 | ...... | 9 |
| Telugu | ... | ... | ...... | 33,715 | ...... | 9 |
| All races from India | | ... | 137,014 | 246,289 | 797 | 66 |
| Europeans and Americans | | ... | 9,177 | 11,866 | 292 | ...... |

ဗြိတိသျှကိုလိုနီခေတ်အတွင်း မြန်မာနိုင်ငံ၌ ကောက်ယူသည့် ၁၈၈၁ ခုနှစ်၊ သန်းခေါင်စာရင်း

အစီရင်ခံစာတွင် “ဘင်္ဂါလီ” ဟူ၍သာ ဖော်ပြထားပါသည်။

CENSUS OF INDIA, 1921

Volume X

# BURMA

## PART II:—TABLES

BY
S. G. GRANTHAM, I.C.S.
SUPERINTENDENT OF CENSUS OPERATIONS, BURMA

RANGOON
OFFICE OF THE SUPERINTENDENT, GOVERNMENT PRINTING, BURMA
1923

| | | | | |
|---|---|---|---|---|
| X | Indian Races | ...... | 658,980 | 238,097 |
| X1 | Arab ... | ...... | 80 | 26 |
| X2 | Assamese ... | ...... | 283 | 123 |
| X3 | Bengali ... | Total ... | 60,117 | 17,871 |
| | | *Hindu and Animist.* | 12,172 | 3,002 |
| | | *Mahomedan* ... | 46,651 | 14,632 |
| | | *Others* ... | 1,294 | 237 |
| X4 | Bhotya ... | ...... | 348 | 16 |
| X5 | Bihari ... | ...... | 3,264 | 2,301 |
| X6 | Bondili ... | ...... | 53 | 5 |
| X7 | Bora ... | ...... | 141 | 32 |
| X8 | Chittagonian | Total ... | 129,854 | 76,534 |
| | | *Hindu and Animist.* | 5,110 | 286 |
| | | *Mahomedan* | 122,872 | 75,682 |
| | | *Others* ... | 1,872 | 566 |
| X9 | Deccani † ... | ...... | 1,866 | 787 |
| X10 | Dogra ... | ...... | 198 | 64 |
| X11 | Garhwali ... | ...... | 1,484 | 278 |
| X12 | Goanese ... | ...... | 503 | 89 |
| X13 | Gujarati ... | ...... | 3,310 | 1,330 |
| X14 | Gurkha ... | ...... | 15,606 | 6,745 |

**ဗြိတိသျှကိုလိုနီခေတ်အတွင်း မြန်မာနိုင်ငံ၌ ကောက်ယူသည့် ၁၉၂၁ ခုနှစ်၊ သန်းခေါင်စာရင်း အစီရင်ခံစာတွင် "ဘင်္ဂါလီ" ဟူ၍သာ ဖော်ပြထားပါသည်။**

CENSUS OF INDIA, 1931

VOLUME XI

# BURMA

# PART I.—REPORT

BY

J. J. BENNISON, I.C.S.
SUPERINTENDENT OF CENSUS OPERATIONS, BURMA

**5. Indians classified by race.**

| Race. | Actual population. | | | Per 1,000 persons. |
|---|---|---|---|---|
| | Persons. | Males. | Females. | |
| Bengali ... ... | 65,211 | 48,682 | 16,529 | 64 |
| Chittagonian ... | 252,152 | 163,912 | 88,240 | 248 |
| Hindustani ... ... | 174,967 | 132,842 | 42,125 | 172 |
| Tamil ... ... | 149,888 | 93,435 | 56,453 | 147 |
| Telugu ... ... | 159,759 | 123,940 | 35,819 | 157 |
| Oriya ... ... | 62,585 | 58,905 | 3,680 | 61 |
| Others ... ... | 153,263 | 112,195 | 41,068 | 151 |
| Total ... | 1,017,825 | 733,911 | 283,914 | 1,000 |

ဗြိတိသျှကိုလိုနီခေတ်အတွင်း မြန်မာနိုင်ငံ၌ ကောက်ယူသည့် ၁၉၃၁ ခုနှစ်၊ သန်းခေါင်စာရင်း အစီရင်ခံစာတွင်

“ဘင်္ဂါလီ” ဟူ၍သာ ဖော်ပြထားပါသည်။

မြန်မာအစိုးရအနေဖြင့် ပြည်ပတွင် အခက်အခဲ ကြုံတွေ့နေရသော မြန်မာနိုင်ငံသားများအား လိုအပ်သည့် အကူအညီများ ပေးအပ်နိုင်ရေး ဦးစားပေး ဆောင်ရွက်လျက် ရှိပါသည်။ မကြာသေးမီက အထောက်အထား စိစစ်ပြီး မြန်မာနိုင်ငံသား (၈,၀၄၁) ဦးကို အပတ်စဉ် လေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ပါသည်။ ထို့အပြင် လေယာဉ်စရိတ် မတတ်နိုင်သည့် မြန်မာနိုင်ငံသားစိစစ်ပြီးသူ (၁,၄၇၆) ဦးကို မြန်မာ့တပ်မတော် (ရေ) မှ စစ်ရေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ပါသည်။

နိုင်ငံတကာမှ ဖိအားပေးနိုင်ရေး ရည်ရွယ်သည့် နိုင်ငံရေးသွတ်သွင်းထားသော ထုတ်လွှင့်တင်ဆက်မှုများကို မြန်မာက ခိုင်မာစွာ ငြင်းဆိုပါသည်။ မလေးရှားရှိ မြန်မာနိုင်ငံသားများအား ပြန်လည်ပို့ဆောင်မှုနှင့် မလေးရှားသို့ တရားမဝင် ဝင်ရောက်သည့် သီးခြား ဘင်္ဂါလီပြဿနာကို ချိတ်ဆက် ဖော်ပြ၍ မရပါ။ ထုတ်လွှင့်ဖော်ပြချက်တွင် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအပေါ် အမုန်းတရားပွားစေနိုင်ရန် ရည်ရွယ်၍ လုပ်ကြံဖန်တီး ဝါဒဖြန့်မှု ပါဝင်ပါသည်။ မြန်မာနိုင်ငံသည် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံရှိသည့် နိုင်ငံ တစ်နိုင်ငံ ဖြစ်ပါသည်။ ကိုးကွယ်ယုံကြည်မှု မတူညီသည့် ပြည်သူအချင်းချင်း သဟဇာတရှိ စွာဖြင့် အတူတကွ နေထိုင်လျက် ရှိပါသည်။

Embassy of the Republic of the Union of Myanmar
Singapore

18th October 2026

Dear Editor-in-Chief,

I write to lodge a formal protest regarding the recent documentary entitled "Malaysia's Rohingya Riddle" broadcast by CNA news agency on 15 and 16 October 2026, which contained misleading and unfounded assertions.

The presenters in the documentary asserted that the so-called "Rohingya" in Malaysia are Muslim ethic minority who has lived in Rakhine State, Myanmar for centuries, and claimed that the Government of Myanmar uses the name of nomenclature of the so-called "Rohingya" as Bengali and has refused to recognize them as one of the country's official ethnic groups.

In the documentary, they also portrayed that the escalation of fighting between the Myanmar Armed Forces and the AA terrorist group in Rakhine State since 2023 has made the repatriation plans for displaced persons unrealistic and that Myanmar does not wish to repatriate displaced persons.

The documentary also reported on Malaysian Prime Minister Anwar Ibrahim's announcement that Myanmar agreed to take back 5,000 Rohingya refugees from Malaysia, while claiming that such a return would be unsafe given the security situation in Myanmar.

Myanmar categorically rejects the nomenclature that falsely claims the so-called "Rohingya" as an ethnic identity which has never existed in Myanmar. The term "Bengali" has existed in Myanmar as proven by historical official records, including the censuses during the British colonial administration. Therefore, the remarks using such terminology are unacceptable.

The information contained in the documentary are unsubstantiated by historical evidence and constitute fabricated allegations that could mislead the viewers and undermine the image of Myanmar.

The Government of Myanmar prioritizes provision of necessary assistance to Myanmar citizens facing difficulties abroad. Recently, following the verification process, 8,041 Myanmar nationals were repatriated to Myanmar by air on a weekly basis. Moreover, 1,476 verified Myanmar nationals who could not afford airfare were repatriated by Myanmar Navy vessels.

Myanmar firmly rejects politically motivated broadcasts that seek to exert international pressure. Such broadcasts must not link the repatriation of Myanmar nationals from Malaysia with the separate issue of Bengalis who illegally entered Malaysia. These statements constitute fabricated propaganda aimed at inciting hatred against Myanmar and its people. Myanmar is a multi-racial and multi-religious country. People of different faiths have lived side by side in harmony.

Therefore, Myanmar strongly objects CNA's unverified information contained in the said documentary that does not accurately reflect the situation on the ground.

Yours Sincerely,

18.10.2026

Dr. Zaw Minn Aung
Chargé d' Affaires

မြန်မာအနေဖြင့် မြေပြင်အခြေအနေများကို မှန်ကန်စွာ ထင်ဟပ်ဖော်ပြခြင်း မရှိသည့် CNA ၏ သတင်းမှတ်တမ်းပါ အတည်မပြုနိုင်သော အချက်အလက်များအပေါ် ပြင်းထန်စွာ ကန့်ကွက်ကြောင်း CNA သတင်းဌာန၏ အယ်ဒီတာချုပ်ထံသို့ မြန်မာသံရုံး၊ စင်ကာပူမြို့ သံရုံးယာယီတာဝန်ခံက ကန့်ကွက်စာ ပေးပို့ခဲ့ပြီး ဖြစ်ပါသည်။

**မြန်မာသံရုံး၊ စင်ကာပူမြို့**

**ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်**

****************